လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (ဌာနချုပ်)

DEMOCRATIC PARTY FOR A NEW SOCIETY (H.Q)

# တတိုင်းတပြည်လုံးနှင့်ဆိုင်သော အရေးကိစ္စကြီးတွင် ပြည်တွင်းပြည်ပအင်အားစုများအားလုံး အတူတကွ ပါဝင်ဆောင်ရွက်ခွင့်ပြုရန်

၁။ (နအဖ) စစ်အစိုးရ၏ တရားဝင်ထုတ်ပြန်ချက်နှင့် ပြောဆိုချက်များအရ နာဂစ်ဆိုင်ကလုန်းမုန်တိုင်းဒဏ်ကြောင့် သေဆုံးသူ (၇၇,၇၃၈) ဦး၊ ပျောက်ဆုံးသူ (၅၅,၉၁၇) ဦး၊ ဒဏ်ရာရသူ (၁၉,၃၅၉) ဦးရှိခဲ့ပါသည်။ ကုလသမဂ္ဂနှင့် အခြား ကူညီကယ်ဆယ်ရေးအဖွဲ့များ၏ ခန့်မှန်းထုတ်ဖေါ် ပြောဆိုချက်များအရ သေဆုံးသူအရေအတွက် (၁၃၄,၀၀၀) ခန့်ရှိခဲ့သည်ဟု ကြားသိရပါသည်။

ထို့အပြင် ပြည်သူ (၂သန်း၅သိန်း)ခန့် အိုးမဲ့အိမ်မဲ့ အခြေအနေမဲ့ဖြစ်သွားခဲ့ရပြီး အရပ်ရပ်ပျက်စီးဆုံးရှုံးမှုတန်ဘိုးမှာ အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံရှိသည်ဟုသိရပါသည်။ ယင်းပျက်စီးဆုံးရှုံးမှုကို နှစ်လအနည်းငယ်မျှဖြင့် ပြန်လည်ထူထောင်နိုင်လိမ့် မည်လည်းမဟုတ်ပါ။

၂။ ဤမျှကြီးမားနက်ရှိုင်းသော ပြည်သူလူထု၏ ထိခိုက်နစ်နာမှုကြီးကို အဖွဲ့အစည်းတစ်ခု၊ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၊ နိုင်ငံ တစ်နိုင်ငံ၊ ဒေသန္တရအဖွဲ့အစည်းတစ်ရပ်အနေဖြင့် ဆောင်ရွက်၍လုံးဝမဖြစ်နိုင်ပါ။ တတိုင်းတပြည်လုံးနှင့်ဆိုင်သော ထိခိုက် နစ်နာဆုံးရှုံးမှုကြီးဖြစ်သဖြင့် ပြည်တွင်းပြည်ပ အင်အားစုအားလုံး အတူတကွ ရင်ဆိုင်ဖြေရှင်းကြရမည့် တမျိုးသားလုံးနှင့် သက်ဆိုင်သော အရေးကိစ္စကြီး ဖြစ်ပါသည်။

၃။ သို့ပါ၍(နအဖ) စစ်အစိုးရအနေဖြင့် ဦးတင်ဦး၊ ဒေါ်အောင်ဆန်းစုကြည်၊ ခွန်ထွန်းဦး၊ မင်းကိုနိုင်၊ ကိုကိုကြီး အစရှိသော ပုံစံအမျိုးမျိုးဖြင့် ထိန်းသိမ်းဖမ်းဆီးထားသူများကို ချွင်းချက်မရှိ ချက်ချင်းလွှတ်ပေးပြီး တတိုင်းတပြည်လုံးနှင့်ဆိုင်သော အရေး ကိစ္စကြီးတွင် အတူတကွ ပါဝင်ဆောင်ရွက်ခွင့်ပြုရန် လိုအပ်ပါသည်။ သို့မှသာ ပြည်သူများအတွက် ကောင်းမွန်ထိရောက်သော ရလဒ်ကောင်းများ ရရှိနိုင်ပါလိမ့်မည်။

၄။ ယင်းကဲ့သို့ပြည်သူလူထု၏ အသက်အိုးအိမ်ဆုံးရှုံးနစ်နာရမှုမှာ မည်သည့်အစိုးရ လက်ထက်တွင်မျှ မကြုံဖူးမကြားဖူးခဲ့ သည့် ဖြစ်ရပ်ဆိုးကြီးတစ်ခုဖြစ်ပါသည်။ သဘာဝဘေးအန္တရာယ်ကြောင့်ဟု ကွက်၍ပြောဆိုရန် မဖြစ်နိုင်ပါ။ (နအဖ)စစ်အစိုးရ အနေဖြင့် ပြည်သူလူထုအား ကြိုတင်အသိပေးလှုံ့ဆော်မှု၊ အကာအကွယ်ပေးမှု၊ ပြင်ဆင်မှုများ မလုံလောက်ခဲ့ခြင်း၊ ဖြစ်ပေါ်ကြုံတွေ့ ခဲ့ရသည့် အခြေအနေများကို အရေးယူ ဆောင်ရွက်ရာတွင် စီမံခန့်ခွဲမှုနှောင့်နှေးခြင်း၊ ဖြစ်ပေါ်ခဲ့သည့် ပျက်ဆီးဆုံးရှုံးမှု ပမာဏနှင့် ပကတိ အနေအထားကို အသိအမှတ်ပြုရန် ပျက်ကွက်ခြင်း၊ ကျွမ်းကျင်မှု၊ ငွေကြေးနှင့် စက်ကရိယာမရှိခြင်း၊ ကယ်ဆယ်ရေးနှင့် ကူညီထောက်ပံ့မှုဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် မရှိခြင်းတို့ကြောင့် ဖူးလေးရာဖရုံဆင့်ဆိုသလို ဖြစ်ခဲ့ကြုံခဲ့ရပါသည်။ (နအဖ) စစ်အစိုးရ၏ လက်တွေ့ဆောင်ရွက်နေမှုများကြောင့် အခြားသော မရေမတွက်နိုင်သည့် နောက်ဆက်တွဲ အသက်ဘေး အန္တရာယ် ဆုံးရှုံးနစ်နာမှုများကို ဖိတ်ခေါ်နေသကဲ့သို့ရှိနေပါသည်။

၅။ (နအဖ)စစ်အစိုးရသည် ဤမျှကြီးမားနက်ရှိုင်းသော ပြည်သူလူထု၏ ထိခိုက်နစ်နာမှုကြီးကို ပမာမထားပဲ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပ၍ အတင်းအဓမ္မ ထောက်ခံမဲများ ရယူနေခြင်းကိုလည်း ပြင်းထန်စွာ ကန့်ကွက်လိုက်ပါသည်။

ဗဟိုကော်မတီ
လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (ဌာနချုပ်)
၂၀၀၈ ခုနှစ်၊ မေလ ( ၂၄ ) ရက်။


ဆက်သွယ်ရန် ...

ကိုခင်မောင်တင့် ၀၈၉ ၅၅၄ ၄၆၅၈
ကိုငွေလင်း ၀၈၁ ၄၇၅ ၉၂၂၃